ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်

နေ့စွဲ - ၂၀. ၁၂. ၀၉

## ဘုရားသခင်၏ပဋိညာဉ်အား အိမ်ထောင်ထဲတွင်စောင့်ရှောက်ခြင်း

(Keeping God's Covenant in Marriage, Prof. David J. Engelsma)

(ယခင်ပတ်မှအဆက်)

**ကျမ်းစာဖတ်ခြင်း** - ၁ကော ၇း၁၇၊ ၃၉။ မာလခိ ၂း၁၁-၁၇

အိမ်ထောင်ရေးမှာ သစ္စာရှိခြင်းဟာ အရေးကြီးဆုံးဖြစ်ပါတယ်။ ဒါ့ကြောင့် လက်ထပ်စဉ်အခါ၊ ဘုရားရှေ့မှာ ဝန်ခံခြင်းနဲ့ ပြောခဲ့တာဖြစ်ပါတယ်။ တချို့က အဲဒီလို ဝန်ခံချက်မလုပ်ချင်ကြတော့ပါဘူး။ ဒါပေမဲ့ ဝန်ခံချက်ပြုသည်ဖြစ်စေ၊ မပြုဘဲ အိမ်ထောင်ပြုသည်ဖြစ်စေ၊ ဘုရားသခင့်ရှေ့မှာတော့ ဝန်ခံချက်ပြုတာနဲ့ အတူတူပါဘဲ။ ဘာလို့လဲဆိုတော့ အိမ်ထောင်ပြုခြင်းကို တည်ဆောက်သူဟာ ဘုရားသခင်ဖြစ်လို့ပါဘဲ။ ဒါ့ကြောင့် အိမ်ထောင်ရေးမှာ သစ္စာရှိခြင်းဟာ ဘုရားသခင်ကို သစ္စာရှိခြင်းဘဲဖြစ်ပါတယ်။

### လင်မယားကွဲခြင်းနှင့်အိမ်ထောင်ပြန်ပြုခြင်း

ပဋိညာဉ်သားသမီးတွေ သစ္စာရှိကြတဲ့အတွက် ဘုရားသခင်ရဲ့နုတ်ကပ်တော်က အိမ်ထောင်ကွဲခြင်းနဲ့ နောက်အိမ်ထောင်ပြန်ပြုခြင်းကို တားမြစ်ပါတယ်။

ကျမ်းစာက အိမ်ထောင်ကွဲခြင်းကို တားမြစ်သလို ရှုတ်ချပါတယ်။ သခင်ခရစ်တော်က အိမ်ထောင်ကွဲခြင်းကို တားမြစ်ပါတယ်၊ မဿဲ ၅း၃၂ "ငါပညတ်သည်ကား၊ မှားယွင်းခြင်းအကြောင်းမှတပါး အခြားသောအကြောင်းဖြင့် မိမိယားနှင့်ကွာသောသူသည် မိမိမယားကို မှားယွင်းစေ၏၊ ကွာသောမိန်းမနှင့် စုံဖက်ခြင်းကိုပြုသောသူသည်လည်း သူ့မယားကို ပြစ်မှား၏။" အဲဒီလို လင်မယားကွဲခြင်းကို တားမြစ်တဲ့အခါ၊ သခင်ခရစ်တော်ဟာ ဓမ္မဟောင်းကျမ်းစာကို ပြည့်စုံစေပါတယ်။ ဘုရားသခင်ဟာ "မိမိမယားကို စွန့်ပစ်ခြင်းအမှုကို မုန်းတော်မူပါတယ်။" မာလခိ ၂း၁၆

ကောင်းနိုင်ငံတော်သားတွေ အိမ်ထောင်ကွဲခြင်းကို ခွင့်ပြုတဲ့အချက် တခုဘဲရှိပါတယ်၊ အဲဒါကတော့ အိမ်ထောင်ဖက်ပေါ်မှာ သစ္စာမရှိဘဲ၊ နောက်တယောက်နဲ့ပတ်သက်ခြင်းဖြစ်တယ်။ အဲဒီလို သစ္စာမရှိခြင်းဆိုတာ အိမ်ထောင်ရှိသူက နောက်တယောက်နဲ့ ပတ်သက်မှုပေါင်းမျိုးစုံကို ဆိုလိုတာဖြစ်တယ်။ ကျမ်းစာက အဲဒီလိုမျိုးကို မတရားသောမေထုန်လို့ပြောပါတယ်၊ အခြောက်ဆိုတဲ့လူတွေလဲ မတရားသောမေထုန်ထဲမှာ ပါတယ်။ အဲဒီလိုဖြစ်ရင်တောင်မှ မဖေါက်ပြန်တဲ့တယောက်က၊ ဖေါက်ပြန်တဲ့တယောက် နောင်တရရင် ခွင့်လွှတ်ပြီးပြန်လည် သင့်မြတ်တာမျိုးဟာ အင်မတန် လက်ခံထိုက်တဲ့ကိစ္စ ဖြစ်ပါတယ်။ မတရားသောမေထုန် တယောက်ကပြုလို့ မဖြစ်မနေ ကွဲကိုကွဲရမယ်လို့ ပြောနေတာမဟုတ်ပါဘူး။ ဒါ့အပြင် အဲဒီလို တယောက်က ဖေါက်ပြန်လို့ လက်ထပ်မင်္ဂလာပြုထားခြင်းဟာ ကျိုးပြတ်သွားပြီလို့ ပြောလို့မရပါဘူး။ ကျမ်းစာထဲမှာလဲ ဘုရားသခင်ဟာ သူ့အပေါ်မှာ သစ္စမရှိတဲ့ အစ္စရေးတွေကို ခွင့်လွှတ်ပြီး ပြန်လက်ခံပါတယ် (ယေရမိ ၃၊ ယေဇ ၁၆)။

ဒါပေမဲ့ မိမိအိမ်ထောင်ဖက်က ဆက်တိုက်မတရားသောမေထုန်ကို ကျူးလွန်နေတယ်ဆိုရင်၊ ဒါမှမဟုတ် အဲဒီလိုအကျင့်ပျက်မှုထဲမှာဘဲ ဆက်နေနေတယ်ဆိုရင်တော့၊ ယုံကြည်သူတယောက်ဟာ အဲဒီအိမ်ထောင်ဖက်ကို ကွဲရတော့မှာဖြစ်ပါတယ်။ အဲဒါကို မဿဲ ၅း၃၂၊ ၁၉း၉ တို့က သေချာပြောပြပါ

တယ်။ အဲဒီအခါမှာ ယုံကြည်သူဟာ အိမ်ထောင်ရေးတာဝန်တွေအားလုံးကနေ လွတ်ပါတယ်။ အဲဒီလို ဖေါက်ပြန်ခြင်းတခုကဘဲ၊ ခရစ်ယာန်တွေကို အိမ်ထောင်က ကွဲစေနိုင်ပါတယ်။ အခြားဘယ်ကိစ္စနဲ့မှ အိမ်ထောင်မကွဲရပါဘူး။

လူအများကြီးတွေးဒါနဲ့ဆန့်ကျင်ဖက် ၁ကော ၇း၁၅က တခြားသော တရားဝင်လင်မယားအခြေခံ နောက်တခုကို ပြောပြပါတယ်။ အဲဒါကတော့ စွန့်ပစ်သွားမှုခံရခြင်းပါဘဲ၊ “သို့သော်လည်း မယုံကြည်သူသည် ကွာသွားလိုလျှင် ကွာသွားစေ၊ ထိုသို့ပြုလျှင် တပည့်တော်သည် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ချည်နှောင်ခြင်းမရှိ၊ သို့သော် ငါတို့သည် ငြိမ်းခြမ်းစွာနေစေခြင်းငှာ ဘုရားသခင်က ခေါ်တော်မူထားသည်။” ဒီနေရာမှာပြောနေတာ လင်မယားကွာရှင်းမှုမဟုတ်ပါဘူး၊ မယုံကြည်တဲ့ လင်(သို့)မယားက ယုံကြည်သူဖြစ်လာတဲ့ လင်(သို့) မယားကို၊ သခင်ခရစ်တော်ကိုယုံကြည်လို့ ပစ်ထားခဲ့တာကို ပြောနေတာဖြစ်ပါတယ်။ ယုံကြည်သူဖြစ်လာတဲ့ လင်(သို့) မယားက ကြည့်နေယုံဘဲ တတ်နိုင်တဲ့ကိစ္စပါ၊ ငါ့ကိုပစ်သွားတယ်၊ သူ့ကိုကွဲရမယ်ဆိုပြီး အလုပ်ရှုပ်နေစရာအကြောင်းမရှိပါဘူး။ တမန်တော်က အရှင်းဆုံးကိုပြောနေပါတယ်၊ “ခင်ဗျား ဘာမှလုပ်မနေနဲ့” သူ သွားပါစေ။ ခရစ်ယာန်ဖြစ်ခြင်းက ဒီလိုကိစ္စမျိုးကို တကယ်ကြုံရတတ်တယ်ဆိုတာ သိထားပါ။ စစ်မှန်တဲ့အသင်းတော်ကို ထားခဲ့ပြီး၊ အဲဒီမယုံကြည်သူနောက် လိုက်ဖို့ အထုတ်အပိုး တွေပြင်မနေပါနဲ့။ ခင်ဗျားနဲ့ပအတူ ပြန်နေဖို့ ကြိုးစားမနေပါနဲ့၊ သူ သွားသာသွားပါစေ လို့ တမန်တော်က ပြောနေတာဖြစ်တယ်။

အဲဒီလိုမျိုး သခင်ခရစ်တော်ကိုယုံကြည်သူဖြစ်လာလို့ စွန့်ပစ်သွားခြင်းခံရတဲ့ ယုံကြည်သူဟာ၊ “ချည်နှောင်ခြင်းမရှိတော့ပါ၊”လို့ပြောတဲ့အခါ၊ သူနောက်တယောက်ထပ်ယူလို့ရပြီလို့ ပြောနေတာ မဟုတ်ပါဘူး။ လင်ဝတ်မယားဝတ်ဆိုတဲ့တာဝန် ဆက်ထမ်းစရာမလိုတော့ဘူးလို့ ပြောနေတာဖြစ်ပါတယ်။ သူ အဲဒီလိုမျိုး စွန်ပစ်ခံရတာကို ရှက်နေစရာမလိုဘူး၊ ကိုယ့်ကိုယ်ကို အပြစ်တင်နေစရာမလိုဘူးလို့ ပြောနေတာဖြစ်တယ်။ ဘုရားသခင်နဲ့ ငြိမ်းခြမ်းစွာ၊ မိမိအတွေ့အကြုံကို ငြိမ်းခြမ်းစွာ ခံယူရမယ်လို့ ပြောနေတာဖြစ်တယ်။

တရားနည်းလမ်းကျစွာ လင်မယားကွဲခဲ့ရင်လည်း ပြန်လက်ထပ်လို့မရဘူးလို့ ကျမ်းစာက ရှင်းလင်းစွာ သင်ပါတယ်။ အဲဒါကို မာကု ၁၀း၁၁၊ ၁၂၊ လုကာ ၁၆း၁၈ မှာရှင်းနေအောင်ပြောပါတယ်။ “အကြင်သူသည် မယားနှင့်ကွာ၍ အခြားသော မိန်းမနှင့်စုံဖက်ခြင်းကိုပြု၏၊ ထိုသူသည် မိမိမယားကို ပြစ်မှား၏၊ မိန်းမသည်လည်း မိမိလင်နှင့်ကွာ၍ အခြားသောယောကျ်ားနှင့် စုံဖက်ခြင်းကိုပြုလျှင် မှားယွင်းခြင်းသို့ ရောက်သည်” မာကု ၁၀း၁၁-၁၂။ “အကြင်သူသည် မိမိမယားနှင့်ကွာ၍ အခြားသောမိန်းမနှင့် စုံဖက်ခြင်းကို ပြု၏၊ ထိုသူသည် မိမိမယားကို ပြစ်မှား၏၊ လင်ကွာသောမိန်းမနှင့် စုံဖက်ခြင်းကို ပြုသောသူသည်လည်း သူ့မယားကိုပြစ်မှားသည်” လုကာ ၁၆း၁၈။

အဲဒါထက်ပိုပြီးခက်တဲ့ကျမ်းပိုဒ်ရှိပါသေးတယ်၊ မဿဲ ၁၉း၉ ဖြစ်တယ်၊ “မှားယွင်းခြင်းအကြောင်းမှတပါး အခြားသောအကြောင်းဖြင့် မိမိမယားနှင့်ကွာ၍ အခြားသောမိန်းမနှင့် စုံဖက်သောသူသည်၊ မိမိမယားကို ပြစ်မှား၏။ ကွာသောမိန်းမကို စုံဖက်သောသူသည်လည်း သူ့မယားကို ပြစ်မှားသည်။” သခင်ခရစ်တော်က လင်မယားကွဲခြင်းကို မတရားသောမေထုန်ပြုခြင်းအပေါ်အခြေခံပြီး ခွင့်ပြုပါတယ်။ ဖါရိရှဲတွေမေးတဲ့မေးခွန်းကို ပြန်ဖြေတဲ့အနေနဲ့၊ ဥပဒေနဲ့ညီညွတ်သော လင်မယားကွဲခြင်းကို ပြောပြနေတာဖြစ်ပါတယ်။ သခင်ယေရှုဟာ မမှန်ကန်စွာ မိမိယောကျ်ားရဲ့ စွန့်ပစ်ခြင်းခံရသူ အမျိုးသမီးကို နောက်အိမ်ထောင်ပြုခွင့် မပေးပါဘူး။ စွန့်ပစ်သွားသူက နောက်မိန်းမ ထပ်ယူလဲ သူဟာ မတရားသောမေထုန် ပြုသူဘဲဖြစ်ပါတယ်။ ကျမ်းပိုဒ်ရဲ့ ဒုတိယပိုင်းမှာ သခင်ယေရှုက၊ အပြစ်မရှိဘဲ စွန့်သွားခြင်းခံရသူ အမျိုးသမီးကို အိမ်ထောင်ပြုတဲ့သူဟာလည်း မတရားသောမေထုန်မှီဝဲခြင်းဘဲ ဖြစ်တယ်လို့ ဆက်ပြောပြပါတယ်။

ဒီလို ဧဝံဂေလိတရားက အပြစ်မရှိဘဲစွန့်ပစ်ခံရသူအပါအဝင်၊ ပြန်ပြီးအိမ်ထောင်ပြုခြင်းကို တားမြစ်နေတာ ဘာလို့လဲဆိုတော့ အိမ်ထောင်ရေးဆိုတာ ဖြိုဖျက်လို့မရတဲ့၊ တသက်လုံးအတွက်ဖြစ်တဲ့ တုတ်နှောင်မှု ဖြစ်နေလို့ပါဘဲ။ အိမ်ထောင်ရေးဆိုတာ ဖြိုဖျက်လို့ မရတဲ့ တုတ်နှောင်ခြင်း ဆိုတဲ့အမှန်တရားကို၊ ယောကျ်ားနဲ့မိန်းမ ဖန်ဆင်းချိန်၊ နှစ်ယောက်မဟုတ်တော့ပါ၊ တယောက်တည်း၊ တလုံးတဝတည်း ဖြစ်လာ

ကြပါသည်လို့ ပြောခဲ့တဲ့ နေရာကနေ စပြီးတွေ့ရပါတယ်(ကမ္ဘာ ၂း၂၄)။ အိမ်ထောင်ရေးဆိုတာ ဖြိုဖျက်လို့မရသော၊ တသက်လုံးခံ တုတ်နှောင်မှုဆိုတဲ့ ဩဝါဒဟာ သခင်ခရစ်တော်ရဲ့ တမန်တော်ကြီးများရဲ့ ဩဝါဒလဲဖြစ်ပါတယ်။ ၁ကော ၇း၃၉ "မိန်းမသည် မိမိခင်ပွန်းမသေမှီကာလပတ်လုံး တရားအားဖြင့် ချည်နှောင်လျှက်ရှိ၏။ ခင်ပွန်းသေလျှင်မူကား၊ မိမိအလိုအတိုင်း သခင်ဘုရား၌သာ အခြားသောသူ၏ မယားဖြစ်ခြင်းငှာ အခွင့်ရှိ၏။" ရောမ ၇း၂ ကလည်း တထပ်ထဲဘဲ သင်ပေးပါတယ်၊ "လင်ရှိသောမိန်းမသည်၊ လင်မသေမှီတိုင်အောင် ပညတ်တရားအားဖြင့် ချည်နှောင်လျှက်ရှိ၏။ လင်သေလျှင်မူကား လင်ဝတ်နှင့် လွတ်၏။" ဆက်ပြီးတော့ အငယ်(၃)မှာ လင်မယားကွဲကြပြီးတော့ နောက်အိမ်ထောင်ပြန်ပြုသူတိုင်းကို ဒီလိုပြောပါတယ်၊ "ထို့ကြောင့် မိမိလင်မသေမှီ၊ အခြားသောသူ၏မယားဖြစ်လျှင် မျောက်မထားသောမိန်းမဟု ခေါ်ထိုက်၏။"

အိမ်ထောင်ဆိုတာ တသက်စာတုတ်နှောင်မှုဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပဋိညာဉ်ကို ပုံဆောင်တဲ့၊ ရောင်ပြန်ထင်ဟပ်နေတဲ့အရာ ဖြစ်လို့ပါဘဲ။ ပဋိညာဉ်ဆိုတာ ဘုရားသခင်နဲ့ သူ့အသင်းတော်ကြား၊ သခင်ခရစ်တော်ကြောင့် ရှိနေတဲ့၊ ဘယ်တော့မှမပြတ်နိုင်တဲ့ မိတ်သဟာယဖြစ်လို့ပါဘဲ။

ကျွန်တော်တို့သတိထားရမှာက၊ မယုံကြည်ခင် အိမ်ထောင်ကျပြီး၊ နောက်မှ ပြောင်းလဲတော့၊ အိမ်ထောင်ဖက်က မယုံကြည်သူဘဝမှာဘဲ ကျန်ခဲ့ရင်၊ အဲဒီအတွက် လင်မယားကွဲလို့ မရဘူး ဆိုတာကိုဖြစ်တယ်။ ခရစ်ယာန်ဖြစ်လာတဲ့သူဟာ မဖြစ်သေးတဲ့ အိမ်ထောင်ဖက်ကို သီးခံလျှက် ဆက်လက် ပေါင်းသင်းရမှာဖြစ်တယ်။ ခရစ်ယာန်တယောက်ပီသစွာ ဆက်ဆံရမှာဖြစ်တယ်။ ခရစ်ယာန်ပီသစွာနေထိုင်ခြင်းနဲ့၊ သက်သေခံခြင်းကြောင့် ပြောင်းလဲလာအောင် ဆုတောင်းရမှာဖြစ်ပါတယ်။ ၁ကော ၇း၁၂၊ ၁၃ က မယုံကြည်သူအိမ်ထောင်ဖက်ကို သူက ဆက်ပြီးအတူနေထိုင်ချင်တယ်ဆိုရင် လက်ခံဖို့၊ အတင်းအကြပ် မပြောင်းလဲလို့ ကွဲမယ်ဆိုတာမျိုးကို တားမြစ်ပါတယ်။ ၁ပေ ၃း၁၊၂ မှာဆိုရင် ယုံကြည်လာတဲ့ ဇနီးဖြစ်သူဟာ မယုံကြည်သေးတဲ့ လင်ယောကျ်ားအောက်မှာ နာခံခြင်းနဲ့ ဆက်နေရမယ်လို့ ပြောပါတယ်။ ဇနီးဖြစ်သူဟာ သူ အဲဒီလို ခရစ်ယာန်ပီသစွာနေထိုင်လို့၊ သူ့ရဲ့ယောကျ်ား တနေ့ပြောင်းလဲလာမယ်လို့ မျှော်လင့်နေရမှာဖြစ်ပါတယ်။

အဲဒီလို နာခံရမယ်ဆိုလို့၊ ယုံကြည်လာတဲ့သူဟာ မယုံကြည်သေးတဲ့ မိမိအိမ်ထောင်ဖက်က ကန့်ကွက်လို့ စစ်မှန်တဲ့အသင်းတော်က ထွက်တဲ့အထိ နာခံရမယ်လို့ ပြောနေတာမဟုတ်ပါဘူး။ မိမိအိမ်ထောင် ဆက်တည်မြဲဖို့ စစ်မှန်သောဩဝါဒတွေကို စွန့်ပစ်၊ မဟုတ်တဲ့ကိစ္စတွေကို ခိုင်းတိုင်းလုပ်၊ မယုံကြည်တဲ့ မိမိအိမ်ထောင်ဖက် စိတ်ကျေနပ်ဖို့ဘဲအသက်ရှင် ဒီလိုပြောနေတာမဟုတ်ပါဘူး။ ယုံကြည်သူ ဖြစ်လာတဲ့ ခရစ်ယာန်ဟာ လူထက် ဘုရားသခင်ရဲ့စကားကိုဘဲ နားထောင်ရမှာဖြစ်ပါတယ် (တမန် ၅း၂၉)။

**ချစ်ခြင်းမေတ္တာနှင့်နာခံခြင်း**

အိမ်ထောင်ရေးမှာ သစ္စာရှိစွာနေထိုင်တယ်ဆိုတာ၊ အတူတူနေထိုင်ယုံ၊ မကွဲယုံ၊ မတရားသောမေထုန် မမှီဝဲယုံ မကပါဘူး။ အဲဒါထက်ပိုပါတယ်။ အိမ်ထောင်ရေးနဲ့ပတ်သက်တဲ့ ကြီးကြယ်ခန်းနားစွာပြောပြတဲ့ ဧဖက် ၅း၂၂-၃၃က ယောကျ်ားဟာ သူ့ဇနီးကိုချစ်ဖို့၊ ဇနီးက သူ့ယောကျ်ားကိုလေးစားဖို့ တာဝန်ပေးနေပါတယ်။ အဲဒီကျမ်းပိုဒ်က ယောကျ်ားဖြစ်သူနဲ့ဇနီးဖြစ်သူတို့ဟာ သခင်ခရစ်တော်နဲ့အသင်းတော် ဆက်ဆံသလိုမျိုး ဆက်ဆံရမယ်လို့ ပြောနေပါတယ်။ သခင်ခရစ်တော်နဲ့အသင်းတော်ရဲ့ဆက်ဆံရေးဟာ ကျေးဇူးတော်ပဋိညာဉ် ဆက်ဆံရေးဖြစ်ပါတယ်။ အဲဒီပုံစံမျိုး လင်နဲ့မယား အတူနေရပါမယ်။ "အသင်းတော်သည် ခရစ်တော်၏အုပ်စိုးခြင်းကို ဝန်ခံသကဲ့သို့၊ ----- ခရစ်တော်သည် အသင်းတော်ကို ချစ်သကဲ့သို့ ----" (၂၄၊ ၂၅)။

ဇနီးဖြစ်သူဟာ လိုချင်ဆန္ဒရှိစွာ၊ သူ့ယောကျ်ားကို လေးစားလျှက်၊ နာခံသောအသက်ရှင်မှုနဲ့ နေရမှာဖြစ်တယ်။ ဆိုလိုတာက အိမ်ထောင်ရေးနဲ့မိသားစုအရေးမှာ လင်ဖြစ်သူရဲ့ ဩဇာကို လေးစားရမှာဖြစ်တယ်။ လင်ဟာ အိမ်ထောင်ရဲ့ ဦးခေါင်းဖြစ်တယ်၊ ဩဇာရှိတယ်၊ ဘုရားသခင်က အိမ်ထောင်နဲ့ဇနီးကို

အုပ်ချုပ်ဖို့ တာဝန်ပေးတာဖြစ်တယ်။ အိမ်ထောင်ကို တည်ထောင်ပေးသူဟာ ဘုရားသခင်ဖြစ်တယ်။ ပဋိညာဉ်ကိုလည်း သူက တည်ထောင်ပေးသလိုပေါ့။ တည်ဆောက်ထားတဲ့ ပုံစံက ဩဇာရှိသူနဲ့နာခံသူ ဖြစ်တယ်။ အိမ်ထောင်ရေးမှာ ယောက်ျားဖြစ်သူရဲ့ ဩဇာကို ငြင်းပယ်ခြင်းဟာ၊ ပဋိညာဉ်မှာ သခင်ခရစ်တော်ဟာ ဦးခေါင်းဖြစ်တယ်ဆိုတာကို ငြင်းပယ်တာဘဲဖြစ်တယ်။ အဲဒါကို ဧဖက် ၅ ထဲမှာ အသေအချာကို နှိုင်းယှဉ်ပြီးပြောထားတာဖြစ်တယ်၊ သခင်ခရစ်တော်နဲ့လင်ယောက်ျား။ အဲဒါကို ငြင်းပယ်ပြီး၊ ဇနီးလုပ်သူက အိမ်ထောင်မှာ ပြဿနာမျိုးစုံတက်စေတာဟာ၊ မိမိရဲ့ဘုရားပေးတာဝန်ကို ငြင်းဆန်ခြင်းဘဲဖြစ်ပါတယ်။

မိမိလင်ယောက်ျားကို နာခံခြင်းဆိုတာ၊ ဘုရားသခင်ရဲ့ဥပဒေသများနဲ့ လျော်ညီတဲ့အရာတွေမှာ ယောက်ျားရဲ့အလိုဆန္ဒကို လိုက်တာခြင်းဘဲဖြစ်ပါတယ် (၁ပေ ၃း၆)။ နာခံရမယ်လို့ ပြောနေခြင်းဟာ ဧဖက် ၅း၂၄ မှာ အတော်ပြင်းပြင်းထန်ထန်ပြောတယ်လို့ တွေ့ရပါတယ်၊ "ခပ်သိမ်းသောအရာ၌"လို့ ပြောပါတယ်။ "အသင်းတော်က ခရစ်တော်ကိုနာခံသကဲ့သို့"လို့ ပြောပါတယ်။ နာခံခြင်းဆိုတာ၊ ဇနီးဖြစ်သူဟာ မိမိခင်ပွန်းရဲ့ အကူအညီမှန်ဖြစ်ရတာကိုပြောတာဖြစ်တယ်၊ ဖန်ဆင်းကထဲက ဘုရားသခင်က မိန်းမကို အဲဒီတာဝန် ပေးထားတာဖြစ်တယ်(ကမ္ဘာ ၂း၁၈)။ အိမ်ထောင်ပြုပြီးအမျိုးသမီးတယောက်မှာ သူ့ရဲ့ လွတ်လပ်သောဘဝ ဆိုတာမျိုး မရှိတော့ပါဘူး။ သူဟာ သူ့ခင်ပွန်းအတွက် အသက်ရှင်ရတော့မှာ ဖြစ်ပါတယ်။ ဧဖက် ၅း၂၂-၂၃ အရ၊ ဇနီးဆိုတာ၊ ခင်ပွန်းရဲ့ကိုယ်ခန္ဓာဖြစ်ပြီး၊ သီးခေါင်းဟာ လင်ယောက်ျားဖြစ်ပါတယ်။ ဇနီးဖြစ်သူတွေရဲ့ ပုံမှန်အပြစ်ဟာ ပုန်ကန်ခြင်း၊ လွတ်လပ်လိုခြင်း တို့ဘဲဖြစ်တတ်ပါတယ်။

လင်ယောက်ျားဖြစ်သူကလဲ၊ တကယ်နွေးထွေးတဲ့အချစ်နဲ့ ဇနီးကို ချစ်ရမှာဖြစ်ပါတယ်။ အဲဒီလို ချစ်တဲ့အခါမှာ သခင်ခရစ်တော်က သူ့ကိုပေးအပ်တဲ့ တာဝန်ကို သိလျှက် ချစ်ရမှာဖြစ်တယ်။ အဲဒါကြောင့် သူ့ရဲ့ဦးခေါင်းဖြစ်ခြင်းကို တကယ်ဘဲအသက်ရှင်လျှက် အိမ်ထောင်ကို ထိန်းရမှာဖြစ်တယ်။ သူဟာ အိမ်ထောင်မှာ ဦးခေါင်းဖြစ်တယ်။ ဒါပေမဲ့ သူဟာ အိမ်ထောင်ရေးမှာ အစိုးရသောဘုရင်မဟုတ်ပါဘူး။ သူကလဲ ခရစ်တော်ကို နာခံရမှာဖြစ်တယ်။ ခရစ်တော်ဟာ ကျွန်တော်တို့ အိမ်ထောင်တွေမှာ သခင်ဖြစ်တော်မူပါတယ်။

ယောက်ျားဖြစ်သူရဲ့ ဦးခေါင်းဖြစ်ခြင်းကို အိမ်ထောင်မှာ အံ့ဩစရာကောင်းခြင်းနဲ့ ဖေါ်ဆောင်ရမှာဖြစ်ပါတယ်။ သူဟာ သူ့မိန်းမကို ကိုယ်ကျိုးအတွက် အသုံးမချရပါဘူး။ အဲဒါနဲ့ ဆန့်ကျင်စွာ သူ့မိန်းမအကျိုးအတွက် မိမိကိုယ်ကို ပေးဆပ်ရမှာဖြစ်တယ်။ အတိအကျပြောရရင် ဧဖက် ၅း၂၅ က လင်ဖြစ်သူရဲ့ "ကိုယ်ကျိုးစွန့်အနစ်နာခံခြင်း"ကို ပြောနေတာဖြစ်တယ်။ ဆိုလိုတာက မိမိဇနီးအတွက် ယဇ်ကဲ့သို့ ပူဇော်ခြင်းကို ပြောနေတာဖြစ်တယ်။ အဲဒီလို ပုံစံမျိုးနဲ့ ယောက်ျားဖြစ်သူဟာ နေထိုင်ပြုမူရမှာဖြစ်တယ်။ အသင်းတော်ရဲ့ ခင်ပွန်းဖြစ်သူ သခင်ခရစ်တော်ဟာ မိမိရဲ့ဇနီးဖြစ်သောအသင်းတော်အတွကိ လက်ဝါးကပ်တိုင်ပေါ်မှာ အသေခံလျှက် အနစ်နာခံစွန့်လွတ်ပေးသလိုဖြစ်ပါတယ်။ ဒါ့ကြောင့် ခရစ်ယာန်ယောက်ျားကောင်းဟာ သူ့ဇနီး ကျေနပ်အောင် မိမိဘဝကို အသက်ရှင်ပါတယ်။ သူဟာ သူ့ဇနီးရဲ့ ဝိညာဉ်ရေးရာအသက်တာ ကောင်းဖို့အတွက် အသက်ရှင်ပေးပါတယ်။

အဲဒီလို မိမိဘဝကို အသက်ရှင်ခြင်းဟာ သူ့ဇနီးကိုချစ်မြတ်နိုးခြင်းကနေထွက်ပေါ်လာတာဘဲ ဖြစ်ပါတယ်။ ဇနီးကိုချစ်တာကို ရှင်ပေါလုက အင်မတန် အားပေးပါတယ်၊ "ယောက်ျားတို့ မိမိခင်ပွန်းကို ချစ်ကြလော့" (ဧဖက် ၅း၂၅)။ ဒါကြောင့် ကိုယ့်ဇနီးကိုချစ်တာဟာ စိတ်ခံစားမှု သက်သက် လုံးဝမဟုတ်ပါဘူး၊ အဲဒီလိုမျိုး စိတ်လှုပ်ရှားခံစားမှုက အခြေခံ မကျပါဘူး။ ကျမ်းစာကလည်း အားမပေးပါဘူး။ အဲဒါနဲ့ ဆန့်ကျင်စွာ မိမိဇနီးကိုချစ်တယ်ဆိုတာ၊ အဲဒီဇနီးဖြစ်သူအမျိုးသမီးဟာ ယောက်ျားဖြစ်သူအတွက် အဖိုးတန်တာကို ပြောနေတာဖြစ်တယ်။ ဘုရားသခင်က သူ့ထံမှာ ပေးအပ်သောသူအဖြစ် တန်ဖိုးထားတာဖြစ်တယ်။ အဲဒါကြောင့် အဲဒီဇနီးဖြစ်သူကောင်းဖို့၊ လိုချင်စွာနဲ့ ဘာမဆို လုပ်ပေးတာဖြစ်ပါတယ်။ အဲဒီလို တန်ဖိုးထားခြင်း၊ ချစ်ခြင်းဟာ တကိုယ်ကောင်းမဆန်ခြင်း၊ အသစ်နာခံခြင်းတွေမှာ ပေါ်ထွက်လာပါတယ်။ မိမိဇနီးကို ချစ်မြတ်နိုးလို့၊ ခင်ပွန်းကောင်းဟာ ဇနီးအတွက် အလုပ်လုပ်ပါတယ်၊ ဇနီးကိုထောက်ပံ့ပါတယ်၊ ဇနီးရဲ့သဘောဆန္ဒကို အလေးထားစဉ်းစားပေးပါတယ်။ ဇနီးအတွက် အသက်ရှင်ပါတယ်။

ခင်ပွန်းရဲ့တာဝန်ဟာ အတော်အရေးကြီးပါတယ်၊ ဒါ့ကြောင့် အတော်ပြင်းထန်တဲ့စကားလုံးတွေနဲ့ ကျမ်းစာက ပြောပါတယ် "သခင်ခရစ်တော်သည် အသင်းတော်ကိုချစ်၍ အသင်းတော်အတွက် ကိုယ်ကို စွန့်တော်မူသကဲ့သို့၊ ယောကျ်ားဖြစ်သူသည် လုပ်ဆောင်ရမည်" (ဧဖက် ၅း၂၅)။

လင်ယောကျ်ားဖြစ်သူရဲ့ အပြုအမူအရေးကြီးတာ နှစ်ခုရှိပါသေးတယ်။ ပထမကတော့၊ သူဟာ သူ့ဇနီးကို နူးညံ့ညင်သာစွာ ဆက်ဆံရပါမယ်။ ဧဖက် ၅း၂၉ အရ၊ ပြုစုရမယ်၊ တန်ဖိုးထားရပါမယ်။ ဒုတိယ ကတော့ လင်ယောကျ်ားဟာ သူ့ဇနီးကို ချစ်တဲ့အခါမှာ တကယ်တော့ သူ့ကိုသူချစ်တာဘဲဖြစ်ပါတယ်၊ ဘာ လို့လဲဆိုတော့၊ သူ့ဇနီးနဲ့သူဟာ တလုံးတဝ၊ တသားထဲ ဖြစ်လို့ပါဘဲ (ဧဖက် ၅း၂၈-၃၀)။ ကျွန်တော်တို့တွေ ကိုယ့်ဇနီးကို ရက်စက်စွာ ဆက်ဆံတာ၊ ကြမ်းတမ်းစွာဆက်ဆံတာတွေဟာ ဘယ်လောက်တောင်မှ မိုက်မဲ ပြီးတော့၊ တုံးလှပါသလဲ။ အဲဒီလိုလုပ်တာ ကိုယ့်ကိုကိုယ် မုန်းတီးတာဘဲဖြစ်ပါတယ်။ ကိုယ့်ကိုကိုယ် သနား စရာဖြစ်အောင် လုပ်နေတာဘဲဖြစ်တယ်။ ကိုယ့်ကိုကိုယ် ဖျက်ဆီးနေတာဘဲဖြစ်တယ်။

လင်ယောကျ်ားဖြစ်သူတွေရဲ့ ပုံမှန်အပြစ်ကတော့၊ အာဏာရှင်လိုနေတာ၊ ကြမ်းတမ်းတာ၊ ကိုယ့်ဇ နီးဖြစ်လို့ အခွင့်အရေးယူတာ၊ ကိုယ့်အကျိုးအတွက် ဇနီးကိုအသုံးချတာ တွေဘဲဖြစ်ပါတယ်။

**အိမ်ထောင်ပြုခြင်းသည် တာဝန်ဖြစ်သည်**။

လင်ဖြစ်သူက ချစ်မြတ်နိုးတာ၊ ဇနီးဖြစ်သူက နာခံတာဟာ တာဝန်ဖြစ်တယ်။ ဘုရားသခင်က သူ့ရဲ့ ပဋိညာဉ်ထဲမှာ ကျွန်တော်တို့ကို အပ်နှင်းထားတဲ့ သန့်ရှင်းမြင့်မြတ်သောတာဝန်ဖြစ်ပါတယ်။ လင်နဲ့မယား အဲဒီတာဝန်တွေကို ကျေပွန်အောင်ထမ်းဆောင်တာဟာ ပဋိညာဉ်ကို စောင့်လျှောက်တာဘဲ ဖြစ်ပါတယ်။ အခြားတဖက်ကပြောရရင် ခရစ်ယာန်လို့ပြောတဲ့သူတွေ၊ အဲဒီတာဝန်တွေကို သီးခံစိတ်ရှည်ခြင်းနဲ့ မစောင့် လျှောက်ဘူးဆိုရင်၊ သူတို့ဟာ ပဋိညာဉ်ကို ချိုးဖေါက်ကြတာဖြစ်ပါတယ်။ ပဋိညာဉ်ချိုးဖေါက်သူများအဖြစ် ဒဏ်ပေးခြင်း ခံကြရမှာဖြစ်ပါတယ်။

အိမ်ထောင်ပြုခြင်းကိုယ်၌က တာဝန်ဖြစ်ပါတယ်။ အဲဒီလို အိမ်ထောင်ရှိတဲ့ခရစ်ယာန်တိုင်းက မိမိ အိမ်ထောင်ကို ကြည့်ရပါမယ်။ အိမ်ထောင်ရှိသူတွေကို ရှင်ပေါလုက "ဘုရားသခင်သည် လူအသီးသီးတို့ ကို ခေါ်တော်မူ(တာဝန်ပေးတော်မူ)သည်နှင့်လျော်စွာ၊ လူတိုင်းကျင့်နေစေ"လို့ ပြောခဲ့ပါတယ် (၁ကော ၇း၁၇)။ အိမ်ထောင်ရှိတာလား၊ မရှိဘဲနေတာလား၊ ပျော်ရွှင်သောအိမ်ထောင်ရေးရှိတာလား၊ ပြဿနာ ပေါင်းစုံအိမ်ထောင်ရေးကို ရရှိတာလား၊ အဲဒါတွေအားလုံး အရေးမကြီးပါဘူး။ အရေးကြီးတာက ဘာလဲ ဆိုတော့၊ ဘုရားသခင်က သူ့ကိုပေးထားတဲ့တာဝန်ကို ကျေပွန်အောင် လုပ်ဆောင်အသက်ရှင်နေခြင်း ဖြစ် ပါတယ်။

အိမ်ထောင်ရှိသည်ဖြစ်၊ မရှိဘဲ တယောက်ထဲနေသည်ဖြစ်စေ၊ ဘဝဟာ အရမ်းတိုပါတယ်၊ "အ ကြောင်းမူကား၊ ဤလောက၏အဆင်းသဏ္ဌာန်သည် ရွေ့သွားကွယ်ပျောက်တတ်၏" (၁ကော ၇း၃၁)။ မကြာ တော့တဲ့အချိန်မှာ သခင်ယေရှုပြန်လာမှာဖြစ်ပြီး၊ မိမိတို့ရဲ့ တာဝန်အပေါ် သစ္စာရှိတွေအတွက် လက်ဆောင် များရကြမှာဖြစ်ပါတယ်။

ရီဖေါ့(မ်)ယုံကြည်သူနှစ်ဦးအတွက်၊ အဲဒီတာဝန်ကို ထမ်းဆောင်နိုင်ရခြင်းဟာ၊ သခင်ခရစ်တော်ရဲ့ ဝိညာဉ်တော် နှလုံးသားတွေထဲမှာ ကျိန်းဝပ်လို့သာဖြစ်ပါတယ်။ အဲဒီ ဝိညာဉ်တော်သာမရှိရင်တော့ ဘယ် လိုမှ မထမ်းဆောင်နိုင်ပါဘူး။

ကျွန်တော်တို့ရဲ့ မပြည့်စုံမှုတွေအတွက် အပြစ်ကိုဝန်ချတောင်းပန်ခြင်းနဲ့ အပြစ်မှခွင့်လွှတ်ခံရခြင်း တွေဟာ မရှိမဖြစ် အရေးကြီးလှပါတယ်။ တဦးကိုတဦးထံမှ ဝန်ချတောင်းပန်သလို၊ ဘုရားသခင်ထံမှာ ဝန် ချတောင်းပန်ရပါမယ်။ တဦးကိုတဦး ခွင့်လွှတ်ကြသလို၊ ဘုရားသခင်ထံမှ ခွင့်လွှတ်ခြင်းကိုလည်း ရရှိကြ မှာပါ။ အထူးသဖြင့် ဇနီးနဲ့ခင်ပွန်းကြားမှာ "အမျက်မပြေဘဲ နေမဝင်စေရပါဘူး" (ဧဖက် ၄း၂၆)။

မိမိဇနီးကို ချစ်မြတ်နိုးလျှက်၊ မိမိလင်ကို လေးစားလျှက် ပဋိညာဉ်ကို သစ္စာရှိစွာစောင့်လျှောက်ကြ တဲ့ ဇနီးမောင်နှံတို့ဟာ သခင်ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်ဘုန်းတော်ကို ချီးမြှောက်နိုင်ကြပါ

တယ်။ အဓိပ္ပါယ်ကတော့ ဇနီးမောင်နှံနှစ်ဦးရဲ့အသက်တာဟာ ပျော်ရွှင်ခြင်းနဲ့ပြည့်စုံမယ်လို့ ပြောတာဖြစ်တယ်။ အဲဒီလိုဇနီးမောင်နှံနေခြင်းက ကလေးတွေကိုလဲ အကျိုးအများကြီးဖြစ်စေမှာဖြစ်တယ်။

**ဘုရားသခင်ကိုကြောက်ရွံ့ရိုသေသောကလေးများ**

ကျွန်တော်တို့ အိမ်ထောင်ပြုခြင်းရဲ့ ရည်ရွယ်ချက်မှာ "ဘုရားသခင်ကိုကြောက်ရွံ့ရိုသေသောကလေးများ မွေးဖွားရန်"ဆိုတာကိုလည်း ထည့်ထားရပါမယ်။ ဒါဟာ ယုံကြည်သူတွေ အိမ်ထောင်ပြုတဲ့အခါမှာ ဘုရားသခင်ထားတော်မူတဲ့ အခြေခံ ရည်ရွယ်ချက်ဖြစ်ပါတယ်။ လင်မယားနှစ်ယောက် ပဋိညာဉ်ကို ရောင်ပြန်ဟပ်နေထိုင်ခြင်းဖြင့် သူ့ဘုန်းတော်ထင်ရှားဖို့ ဘုရားသခင် ရည်ရွယ်ချက်ရှိတော်မူတယ်။ ပြီးတော့ လက်ထပ်ထားတဲ့ လင်မယားနှစ်ယောက် တယောက်ကိုတယောက် နွေးထွေးတဲ့ ပေါင်းသင်းခြင်းနဲ့ ပျော်ရွှင်စွာ ခံစားကြဖို့ ဘုရားသခင် အလိုတော်ရှိတယ်။ ဒါ့အပြင် "ဘုရားကိုကြောက်ရွံ့ရိုသေသော ကလေးတွေ" မွေးဖွားလာဖို့ကိုလည်း ဘုရားသခင် အလိုတော်ရှိပါတယ်။

"ဘုရားသခင်ကို ကြောက်ရွံ့ရိုသေသောကလေးများ" ဆိုတဲ့စကားစုကို မာလခိ ၂း၁၅ မှာတွေ့ရပါတယ် (မြန်မာလိုမှာတော့၊ "ဘုရားသခင်နှင့်ထိုက်တန်သောအမျိုး"လို့ပြောပါတယ်)။ ဒီကျမ်းပိုဒ်မှာ လက်ထပ်ခြင်းရဲ့အစ မူလပထမဟာ ဘုရားသခင်ကလုပ်ပေးခြင်းလို့ ပြောပါတယ်။ အာဒံနဲ့ဧဝကို တယောက်ထဲအဖြစ်ဖန်ဆင်းခြင်းကို ပြောနေပါတယ်။ အဲဒီနောက် ပရောဖက်က မေးပါတယ်၊ "ဘာဖြစ်လို့ တယောက်ထဲဖန်းဆင်းရတာလဲ"၊ "ဘုရားသခင်ကိုကြောက်ရွံ့ရိုသေသောကလေးများကိုရဖို့ဘဲ" လို့ပြန်ဖြေပါတယ်။ ဒါကြောင့် အာဒံနဲ့ဧဝထံမှ ဘုရားသခင်ကို ကြောက်ရွံ့ရိုသေသော ကလေးတွေ ရဖို့ဟာ ဘုရားသခင် အိမ်ထောင်ပြုခြင်းမှာထားတဲ့ ရည်ရွယ်ချက်တခုဖြစ်ပါတယ်။ အဲဒီရည်ရွယ်ချက်နဲ့ကိုက်ညီစွာ ဘုရားသခင်ဟာ အာဒံနဲ့ဧဝကို "သင်တို့သည် များစွာမွေးဖွားကြလော့ဓလေ့ ကောင်းချီးပေးခဲ့ပါတယ် (ကမ္ဘာ ၂း၂၈)။ မာလခိ ၂ က ဘုရားသခင်ဟာ ဒီနေ့ချိန်မှာလဲ၊ အိမ်ထောင်ရှိသော ယုံကြည်သူတွေထံမှာ သူ့ကိုယုံကြည်သောကလေးတွေရလာဖို့ အလိုတော်ရှိတုန်းဘဲလို့ ပြောနေပါတယ်။

ဘုရားသခင်ဟာ ယုံကြည်သူတွေရဲ့ကလေးတွေကို ကယ်တင်မယ်လို့ ပဋိညာဉ်မှာ ကတိတော် ပေးပါတယ်။ ဘုရားသခင်ဟာ ခရစ်ယာန်တို့ရဲ့လက်ထပ်ထိန်းမြားခြင်းကိုအသုံးပြုလျှက် သူ့အသင်းတော်ရဲ့ အသင်းသူ/သားများကို မွေးဖွားဖို့၊ ခရစ်တော်ထံခေါ်ဆောင်သွားဖို့နဲ့ ဝိညာဉ်ရေးအရရင့်ကျက်လာအောင် ပျိုးထောင်ဖို့ အလိုတော်ရှိပါတယ်။ ခရစ်ယာန် ခင်ပွန်းနဲ့ဇနီးတို့ရဲ့ တဦးအပေါ်တဦးသစ္စာရှိမှု၊ ဘုရားသခင်အပေါ်သစ္စာရှိမှု၊ သူတို့ရဲ့ ငြိမ်းချမ်းသောအသက်ရှင်မှု၊ သူတို့အိမ်ထောင်ရဲ့တည်ငြိမ်မှု၊ အေးချမ်းမှု၊ ဘုရားသခင်ကို ကြောက်ရွံ့ရိုသေစွာအသက်ရှင်ကြတဲ့အသက်တာပုံသက်သေဖြစ်မှု၊ သူတို့ရဲ့ သွန်သင်ဆုံးမမှု စတာတွေကို ဘုရားသခင်က အသုံးပြုပြီးတော့ သူလိုချင်တဲ့ ဘုရားသခင်ကို ကြောက်ရွံ့ရိုသေတဲ့ ကလေးတွေကို ဘုရားသခင်က ထုတ်လုပ်တော်မူပါတယ်။

ရီဖော့(မ်)အိမ်ထောင်ရှင်တွေဟာ မိမိတို့ရဲ့အလိုဆန္ဒကို ဘုရားသခင်ရဲ့အလိုဆန္ဒနဲ့ ကိုက်ညီအောင် ပြုပြင်ခြင်းဖြင့် အိမ်ထောင်ရေးမှာ ပဋိညာဉ်ကို စောင့်ရှောက်ကြပါတယ်။ သူတို့ကလည်း ဘုရားကို ကြောက်ရွံ့တဲ့ နောက်မျိုးနွယ်ဆက်တွေရဖို့ ဆန္ဒရှိကြပါတယ်။ ဒါ့ကြောင့် သူတို့ဟာ ကလေးမွေးကြပါတယ်။ ဘုရားသခင်အလိုတော်ရှိရင် ကလေးတွေအများကြီးရှိကြပါတယ်။ သူတို့ဟာ ကလေးတွေကို ဘုရားသခင်ရဲ့ကျမ်းစာ သင်ပေးကြပါတယ်။ အသင်းတော်မှလည်း သူတို့ကလေးတွေကို မှန်ကန်သောဩဝါဒသင်ပေးသလားမသင်ပေးဘူးလားဆိုတာကို သေချာဂရုစိုက်ကြပါတယ်။ သူတို့ရဲ့ဘဝတွေကို သေချာစွာ အုပ်ထိန်းခြင်း၊ စည်းကမ်းထိန်းပေးခြင်း၊ သူတို့နဲ့အတူ နေထိုင်ခြင်းတို့ဖြင့် ပျိုးထောင်ကြပါတယ်။ အမေဟာ အိမ်ကိုစောင့်ရှောက်သူ၊ အိမ်မှအလုပ်လုပ်သူ ဖြစ်ပါတယ်။ အဖေဟာ အလုပ်ပြီးတာနဲ့ အိမ်မှာ အမြဲနေသူဖြစ်ပါတယ်။

အထူးသဖြင့် သူတို့ဟာ ဘယ်တော့မှ အိမ်ထောင်မကွဲကြဘူး၊ နောက်အိမ်ထောင်ထပ်မပြုဘူး။ ဘုရားသခင်အတွက်၊ သူတို့ကလေးတွေအတွက် အဲဒါကို အဖြစ်မခံကြဘူး။